ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ဗန္ဒဟ်

ကျေးကျွန်တစ်ဦးအား ချစ်ခင်နှစ်သက်တော်မူသော်

ကောင်းကင်တမန်ဂျီဗ်ရီလ်ကို ခေါ်၍ "ဧကန်စင်စစ်

ငါအရှင်မြတ်သည် မည်သူမည်ဝါအား

ချစ်ခင်နှစ်သက်‌တော်မူသည်၊ သို့ဖြစ်၍ အသင်သည်လည်း

သူ့အား ချစ်ခင်နှစ်သက်လော့" ဟု မိန့်ကြားတော်မူ၏။ထိုအခါ ဂျီဗ်ရီလ်သည်လည်း ထိုသူအား ချစ်ခင်နှစ်သက်လေ၏

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဧကန်စင်စစ်
အလ္လာဟ်အရှင်မြတ်သည် ဗန္ဒဟ် ကျေးကျွန်တစ်ဦးအား ချစ်ခင်နှစ်သက်တော်မူသော်
ကောင်းကင်တမန်ဂျီဗ်ရီလ်ကို ခေါ်၍ "ဧကန်စင်စစ် ငါအရှင်မြတ်သည် မည်သူမည်ဝါအားချစ်ခင်နှစ်သက်‌တော်မူသည်၊ သို့ဖြစ်၍ အသင်သည်လည်း သူ့အား ချစ်ခင်နှစ်သက်လော့" ဟုမိန့်ကြားတော်မူ၏။ ထိုအခါ ဂျီဗ်ရီလ်သည်လည်း ထိုသူအား ချစ်ခင်နှစ်သက်လေ၏။
ထို့နောက် ဂျီဗ်ရီလ်သည် မိုးကောင်းကင်တွင် "အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်မည်သူမည်ဝါအား ချစ်ခင်နှစ်သက်တော်မူသည်၊ သို့ဖြစ်၍ အသင်တို့သည်လည်း သူ့အားချစ်ခင်နှစ်သက်ကြလော့" ဟု ကြွေးကြော်လေ၏။ ထိုအခါ ကောင်းကင်တမန်များသည်လည်း
ထိုသူအား ချစ်ခင်နှစ်သက်ကြကုန်၏။ ထို့နောက် သူ့အား မြေပထဝီပေါ်တွင် (လူများ၏
)လက်ခံခြင်း (ချစ်ခြင်း) ခံရသူအဖြစ် ပြုလုပ်တော်မူခြင်း ခံရ၏။ အကယ်၍
အလ္လာဟ်အရှင်မြတ်သည် ဗန္ဒဟ် ကျေးကျွန်တစ်ဦးအား မုန်းတီးတော်မူသော်
ဂျီဗ်ရီလ်ကိုခေါ်၍ "ဧကန်စင်စစ် ငါအရှင်မြတ်သည် မည်သူမည်ဝါအား
မုန်းတီးတော်မူသည်၊ သို့ဖြစ်၍ အသင်သည်လည်း သူ့အား မုန်းတီးလော့" ဟု
မိန့်ကြားတော်မူ၏။ ထိုအခါ ဂျီဗ်ရီလ်သည်လည်း ထိုသူအား မုန်းတီးလေ၏။ ထို့နောက်ဂျီဗ်ရီလ်သည် ကောင်းကင်တမန်များအား "အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်
မည်သူမည်ဝါအား မုန်းတီးတော်မူသည်၊ သို့ဖြစ်၍ အသင်တို့သည်လည်း သူ့အားမုန်းတီးကြလော့" ဟု ကြွေးကြော်လေ၏။ ထိုအခါ ကောင်းကင်တမန်များသည်လည်း ထိုသူအား
မုန်းတီးကြကုန်၏။ ထို့နောက် သူ့အား မြေပထဝီပေါ်တွင် မုန်းတီးခြင်း ခံရသူအဖြစ်
ပြုလုပ်တော်မူခြင်း ခံရ၏။ [صحيح] [صحيح مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်တော်မူခဲ့သည်မှာ - အလ္လာဟ်အရှင်မြတ်သည် မိမိ၏ အမိန့်တော်များကို လိုက်နာ၍ တားမြစ်ချက်များမှရှောင်ကြဉ်သော မုအ်မင်န်ကျေးကျွန်တစ်ဦးအား ချစ်ခင်နှစ်သက်တော်မူသောအခါဂျိဗ်ရီလ်(အလိုင်ဟိစ္စလာမ်)အား ခေါ်၍မိန့်ကြားတော်မူသည်မှာ - ဧကန်စင်စစ်ငါအလ္လာဟ်အရှင်မြတ်သည် မည်သူမည်ဝါအား ချစ်ခင်နှစ်သက်တော်မူ၏။ သို့ဖြစ်၍ အသင်သည်လည်း

https://sunnah.global/hadeeth/my/show/6458